AAPP






# နိုင်ငံရေးအကျဉ်းသားအားလုံး ချင်းချက်မရှိ လွှတ်ပေးရေး

## ဒေါ်အောင်ဆန်းစုကြည်၏ ၈၁ နှစ်ပြည့် မွေးနေ့အတွက် သဘောထားထုတ်ပြန်ချက်

**"သင်တို့၏လွတ်လပ်မှုကို အသုံးပြုပြီး ကျမတို့ရဲ့လွတ်လပ်မှုကို မြှင့်တင်ပေးပါ။"**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၈၁ နှစ်ပြည့် မွေးနေ့ဖြစ်သည်။ သူမသည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အစဉ်တစိုက်ပါဝင်ခဲ့သဖြင့် ၁၉၈၉ ခုနှစ်မှစတင်၍ အကြမ်းဖက်စစ်အုပ်စု၏ တရားလက်လွတ် နေအိမ်အကျယ်ချုပ်နှင့် ထောင်သွင်းအကျဉ်းချခြင်းကို နှစ်ပေါင်း ၂၀ နီးပါး ကြုံတွေ့ခံစားနေရသူ တစ်ဦးဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ၈၁ နှစ်ပြည့် မွေးနေ့ကာလတွင် အကြမ်းဖက်စစ်အုပ်စုသည် သူမအား လျှို့ဝှက်နေရာတခုတွင် ဖမ်းဆီးအကျဉ်းချထားသည့်အပြင် နိုင်ငံတဝှမ်းတွင်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခြင်း၊ ပြည်သူအများအပြားအပေါ် တရားမဲ့ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အပြစ်မဲ့အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများ၊ မြေပြင်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်မှုများ၊ လူငယ်များအား အတင်းအကျပ် စစ်သားစုဆောင်းခြင်းများကို စဉ်ဆက်မပြတ် ဆက်လက်ကျူးလွန်နေသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဆိုးရွားလှသော ညှဉ်းပန်းနှိပ်စက်မှု၊ ကျန်းမာရေးအစောင့်အရှောက် ကင်းမဲ့မှုနှင့် လူသားမဆန်သော ဆက်ဆံမှုများစသည့် နာမည်ဆိုးများစွာနှင့် ကျော်ကြားနေသည့် အကြမ်းဖက်စစ်အုပ်စု၏ အကျဉ်းထောင်စနစ်အောက်တွင် ဖမ်းဆီးအကျဉ်းချထားခြင်းခံနေရသည်။

Photo Credit: (Top: AFP/Getty Images; Bottom: EPA in Myanmar Now)

အကြမ်းဖက်စစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးပြီးနောက်ပိုင်းတွင် ၎င်း၏ကျန်းမာရေးနှင့် ပတ်သက်၍ တိကျသေချာသော သတင်းအချက်အလက်များကို ထုတ်ပြန်ရန် အစဉ်တစိုက် ငြင်းဆိုခဲ့သလို သက်ဆိုင်သူများမှ တောင်းဆိုသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ကိုလည်း အမြဲပယ်ချခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် အသက်ရှင်လျက်ရှိကြောင်း အတည်ပြုနိုင်သည့် အထောက်အထားများကို ထုတ်ပြန်ပေးရန်၊ သူမ၏မိသားစုဝင်များအား ချက်ချင်းတွေ့ဆုံခွင့်ပေးရန်နှင့် လွတ်လပ်သော စောင့်ကြည့်လေ့လာသူများအား သူမ၏ကျန်းမာရေးအခြေအနေ၊ လုံခြုံရေးအခြေအနေနှင့် ထိန်းသိမ်းခံထားရသည့် အခြေအနေများကို စစ်ဆေးအကဲဖြတ်နိုင်ရန်အတွက် နှောင့်နှေးမှုမရှိဘဲ ခွင့်ပြုပေးရမည်ဟု *Proof of Life campaign* မှ တောင်းဆိုထားသည့် အချက်များအား နိုင်ငံတကာအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဖိအားပေးရန် အေအေပီပီမှ တောင်းဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်အကျဉ်းချထားခြင်းသည် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဒီမိုကရေစီနည်းအရ ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်ကို ဖျက်ဆီးရန်၊ မဲဆန္ဒရှင်များ၏ လွတ်လပ်သော ဆန္ဒသဘောထားကို အသိမှတ်မပြုရန်နှင့် နိုင်ငံသားများအနေဖြင့် မိမိနှစ်သက်သည့်အစိုးရကို ရွေးချယ်ပိုင်ခွင့်ဖြစ်သော အခြေခံအခွင့်အရေးကို ငြင်းပယ်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိသာထင်ရှားသည့် သက်သေအထောက်အထားဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ၈၁ နှစ်ပြည့်မွေးနေ့တွင် အာစီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တာဝန်ပေးအပ်ထားသူများ၊ ပြည်တွင်းအင်အားစုများ အပါအဝင် အဓိက သက်ဆိုင်သူအားလုံးကို AAPP အနေဖြင့် အောက်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

● ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန်အတွက် အားလုံးစုပေါင်း၍ လိုအပ်သည့် နည်းလမ်းအားလုံးကို ထိရောက်စွာ အသုံးပြုပြီး အကြမ်းဖက်စစ်အုပ်စုကို ဖိအားပေးတောင်းဆိုရန်၊

● *Proof of Life campaign* ကို ထောက်ခံအားပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဝင်များကို သူမနှင့် ချက်ချင်းတွေ့ဆုံခွင့်ပြုရန် အပါအဝင် လွတ်လပ်သော စောင့်ကြည့်လေ့လာသူများအား သူမ၏ကျန်းမာရေးအခြေအနေကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးအကဲဖြတ်နိုင်ရန်နှင့်

● မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များကို ချန်လှပ်ထားသည့် မည်သည့်နိုင်ငံရေးလုပ်ငန်းစဉ်ကိုမဆို အဓိကသက်ဆိုင်သူအားလုံးအနေဖြင့် တရားဝင်မှုနှင့် အသိအမှတ်ပြုမှု မလုပ်ဆောင်ရန် တောင်းဆိုအပ်ပါသည်။

## ဒီမိုကရေစီကို ငြင်းပယ်ခြင်း : ရွေးကောက်ပွဲဖြင့် ရွေးချယ်မှုမှ အကြမ်းဖက်စစ်အုပ်စု၏ ထိန်းချုပ်မှု

မြန်မာပြည်သူများသည် ၎င်းတို့၏ဒီမိုကရေစီအပေါ် ချစ်ခင်တန်ဖိုးထားသည့် စိတ်ဆန္ဒကို ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ထင်ထင်ရှားရှားပြသခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုမှ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများစွာရှိခဲ့သည်ဟု ပြောကြားသော်လည်း နိုင်ငံတကာလေ့လာသူများအနေဖြင့် ၎င်းအချက်ကို သက်သေပြရန် မတွေ့ရှိခဲ့ကြောင်းနှင့် မဲဆန္ဒရှင်များသည် စိတ်အားထက်သန်စွာဖြင့် ၎င်းတို့၏သဘောဆန္ဒအတိုင်း လွတ်လပ်စွာ မဲပေး၍ ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့သည်ဟု ထုတ်ပြန်ပြောဆိုခဲ့သည်။[1]

[1] The Carter Center, Preliminary Statement: Election Observation Mission Myanmar, General Election, November 8, 2020.

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် ဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်နေသည့်တိုင်းပြည်ကို မဲဆန္ဒရှင်များ၏ တရားဝင်ရွေးချယ်မှုများမှ ထွက်ပေါ်လာသည့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ရွေးကောက်ခံအစိုးရသည် မပြည့်စုံမှုများစွာဖြင့် ပြည်လည်ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။[2] ဒေါ်အောင်ဆန်းစုကြည်အပေါ် မြန်မာပြည်သူလူထု၏ ထောက်ခံအားပေးမှုကြောင့် နိုင်ငံခြားရေးဆိုင်ရာမူဝါဒများကို ကောင်းမွန်စွာ ပုံဖော်နိုင်ခဲ့သလို နိုင်ငံတကာအသိုင်းအဝိုင်းက သူမကို လေးစားစွာဖြင့် အသိအမှတ်ပြု လက်ခံခဲ့သည်။[3] မြန်မာနိုင်ငံတွင် မည်သည့်ခေါင်းဆောင်မှ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြုမှုမျိုး မရရှိခဲ့ပါ။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုသည် ရွေးကောက်ပွဲဆိုင်ရာ အသိအမှတ်ပြုမှုကို အတင်းအကျပ် အင်းအားသုံးပြီး ဖိနှိပ်အုပ်ချုပ်မှုဖြင့် အစားထိုးခြင်း၊ ဒီမိုကရက်တစ်အဖွဲ့အစည်းများကို စနစ်တကျ ဖျက်ဆီးခြင်းအပြင် လွန်ခဲ့သောနှစ်များအတွင်းရရှိထားခဲ့သည့် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို နောက်ကြောင်းပြန်စေခြင်းတို့ဖြင့် ကောင်းမွန်သောရလဒ်များကို ရုတ်ချည်းအဆုံးသတ်သွားစေခဲ့သည်။

ယခုအစီရင်ခံစာထုတ်ပြန်ချိန်တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ မှတ်တမ်းများအရ[4] စစ်အာဏာသိမ်းချိန်မှစ၍ ဖမ်းဆီးခံခဲ့ရသော နိုင်ငံရေးအကျဉ်းသား စုစုပေါင်းမှာ အနည်းဆုံး ၃၁,၁၆၂ ဦးရှိခဲ့ပြီး အနည်းဆုံး ၁၄,၃၀၆ ဦးမှာ ယခုအချိန်ထိ ဆက်လက်ထိန်းသိမ်းခံနေရဆဲဖြစ်ကြောင်းကို အတည်ပြုထားနိုင်သည်။ အေအေပီပီအနေဖြင့် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၇,၈၇၇ ဦးကို ဆက်လက်အတည်ပြုနိုင်ရန် ထပ်မံစိစစ်နေဆဲဖြစ်သည်။ထိုထိန်းသိမ်းခံနေရသူများတွင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများ၊ သတင်းမီဒီယာသမားများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ ပါဝင်သည်။

ယခုအချိန်တွင် မရှင်းလင်းသည့် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်များကြောင့်လည်းကောင်း၊ တရားလက်လွတ်ဖမ်းဆီးမှုများကြောင့်လည်းကောင်း၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တရားစွဲဆိုခြင်းနှင့် ထိန်းသိမ်းထားစဉ်အတွင်း ချိုးဖောက်မှုအမျိုးမျိုး ကျူးလွန်နေခြင်းတို့ကြောင့်လည်းကောင်း နိုင်ငံရေးအကျဉ်းသားအရေအတွက်ကို အတိအကျရရှိနိုင်ရန် မှတ်တမ်းပြုစုရာတွင် အခက်အခဲရှိနေသည်။ နိုင်ငံတဝန်းတွင် မိမိတို့၏အခြေခံအခွင့်အရေးများကိုကျင့်သုံး၍ အကြမ်းဖက်စစ်အုပ်စု၏အုပ်ချုပ်မှုကို ဆန့်ကျင်သော မည်သူမဆို ဆက်လက်ဖမ်းဆီးခံနေရဆဲဖြစ်သည်။

ယခုကာလတွင် ဖော်ဆောင်နေသော အကြမ်းဖက်စစ်အုပ်စု၏ “ရက် ၁၀၀ စီမံကိန်း” သည် ငြိမ်းချမ်းရေးကို ရှေးရှုသည့် အပြုအမူမျိုးမဟုတ်ဘဲ အပြစ်မဲ့ကလေးသူငယ်များ၊ အမျိုးသမီးများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအပေါ် လေကြောင်းမှတိုက်ခိုက်မှုများ ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုသည် အကြောက်တရားနှင့် ဖိနှိပ်မှုကို အသုံးပြု၍ ပြည်သူလူထုအား ထိန်းချုပ်ရန် ကြိုးစားနေခြင်းမျိုးသာဖြစ်သည်။

လက်ရှိနိုင်ငံရေးဖိနှိပ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသော အကြမ်းဖက်စစ်အုပ်စုသည် တရားဝင်မှု ကင်းမဲ့နေသောကြောင့် နိုင်ငံတကာအသိအမှတ်ပြုမှုရရှိရန် ကြိုးစားအားထုတ်သည့်အနေဖြင့် တရားမဝင် အတုအယောင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

၂၀၁၅ ခုနှစ်၊ ၂၀၂၀ ခုနှစ်တို့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် ယခုရွေးကောက်ပွဲသည် ပြည်သူလူထု၏ စစ်မှန်သော သဘောဆန္ဒကို ထင်ဟပ်စေရမည့်အစား တရားဝင်မှုဖြစ်စေရန် အတုအယောင် ပုံဖော်ထားသော လုပ်ရပ်သာဖြစ်သည်ဟု အများစုက ရှုံ့ချပြောဆိုကြသည်။

[2] Sean Turnell, Best Laid Plans: The Inside Story of Reform in Aung San Suu Kyi's Myanmar (Penguin/Lowy Institute, 2024).
[3] See for example US Department of State, Remarks with Aung San Suu Kyi.; BBC, Burma’s Aung San Suu Kyi to Visit Europe.
[4] 12 June 2026

သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှလည်း ၎င်းရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိဟု သုံးသပ်ပြောဆိုကြသည်။[5] အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့ကိုဆန့်ကျင်သော နိုင်ငံရေးပါတီများကို ဖယ်ထုတ်ခြင်း၊ ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်ထဲတွင် ဆက်လက်ဖမ်းဆီးချုပ်နှောင်အကျဉ်းချထားခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်ကို ပိတ်ပင်တားဆီးထားခြင်းစသည့် နည်းလမ်းများစွာဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေသည်။ အေအေပီပီ၏မှတ်တမ်းများအရ ရွေးကောက်ပွဲကို ဝေဖန်ပြောဆိုသည့်အတွက် အနည်းဆုံး ပြည်သူ ၇၂ ဦးကို ဖမ်းဆီးထောင်ချခဲ့ပြီး ပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ကာ မဲထည့်ခိုင်းခဲ့သည်။[6] ပြည်သူအများစုအနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်မဝင်စားခြင်းနှင့် ကြောက်ရွံ့စွာ မဲပေးရခြင်းစသည့် အခြေအနေများသည် ၎င်းရွေးကောက်ပွဲမှာ အတုအယောင်ဖြစ်ကြောင်း ထင်ရှားစွာ သက်သေထူနေသည်။ နိုင်ငံတဝန်းရှိ ပြည်သူအများစုအနေဖြင့် ဤရွေးကောက်ပွဲသည် ၎င်းတို့၏ကောင်းမွန်သောအနာဂတ်ကို ပုံဖော်ပေးမည့် အခွင့်အလမ်းဟုမမြင်ဘဲ အာဏာသိမ်းမှုကို တရားဝင်မှုပြုရန် အကြမ်းဖက်စစ်အုပ်စု၏ ကြိုးစားမှုတခုအဖြစ်သာ ရှုမြင်ခဲ့သည်။ ထို့ကြောင့် အများစုမှာ လက်တုံ့ပြန်ခံရမှု အန္တရာယ်ကိုအံတု၍ ရွေးကောက်ပွဲကို ဆန့်ကျင်သည့်လမ်းကြောင်း ရွေးချယ်ခဲ့သည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ်မှာ ယုံကြည်မှုကင်းမဲ့နေကြောင်း ပြည်သူလူထုက ပြသခဲ့သည်။[7]

ဤနောက်ခံအခြေအနေများအရ လက်ရှိအကြမ်းဖက်စစ်အုပ်စု၏ ခေါင်းဆောင်မှုသည် တရားဝင်မှုနှင့် အသိအမှတ်ပြုမှုရရှိရန် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ သံတမန်ရေးအရလည်း မင်းအောင်လှိုင်သည် နိုင်ငံတကာအသိုက်အဝန်းတွင် ဆက်လက်၍ ဖယ်ကျဉ်ခံနေရဆဲဖြစ်သည်။ ပြည်သူလူထုအပေါ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ထားသော အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူများမှပေးအပ်မည့် တရားဝင်မှု သို့မဟုတ် နိုင်ငံတကာအသိုက်အဝန်း၏ ယုံကြည်လက်ခံအသိအမှတ်ပြုမှုကို တောင်းဆိုနေခြင်းသည် ဆင်ခြင်တုံတရားကင်းမဲ့သော လုပ်ရပ်သာဖြစ်သည်။

**အနှစ်ချုပ်**

ရွေးကောက်ခံ ကိုယ်စားလှယ်များအား ဖမ်းဆီးထောင်ချခြင်းကို လုပ်ရိုးလုပ်စဉ်တခုကဲ့သို့ ပြုမူလာလျှင် ဒီမိုကရေစီနည်းလမ်းများအရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို အင်အားသုံးဖယ်ရှားနိုင်ကြောင်းဖော်ပြသည့် အနာဂတ်အတွက် အန္တရာယ်ရှိသော စံနမူနာဆိုးတစ်ခုဖြစ်လာမည်။ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ တရားဝင်မှုရရှိရန်ကြိုးပမ်းသည့် လုပ်ရပ်မှန်သမျှကို ငြင်းပယ်သင့်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြန်လည်ကူးပြောင်းနိုင်ရေးကိုသာ အထူးပံ့ပိုးကူညီပေးသင့်သည်။ အာဏာကိုလက်ဝယ်ထားရှိနိုင်ရုံမျှဖြင့် အုပ်ချုပ်ခွင့်၏တရားဝင်မှုကို မပေးအပ်နိုင်ပေ။ တရားဝင်မှုဆိုသည်မှာ ၎င်းအာဏာကို မည်ကဲ့သို့ရယူခဲ့သည်၊ မည်ကဲ့သို့အသုံးချနေသည်ဆိုသည့်အချက်များနှင့် ပြည်သူလူထု၏ သဘောတူလက်ခံမှုနှင့် ထောက်ခံမှုကို ရရှိထားခြင်း ရှိ၊ မရှိအပေါ်တွင်သာ မူတည်နေသည်။

အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာအတွက် မတည်ငြိမ်မှုများဖြစ်စေသည်။ တရားဥပဒေစိုးမိုးမှု ပျက်ပြားသွားခြင်းသည် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုနှင့် လူကုန်ကူးမှု အပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်ကွန်ရက်များ ကြီးထွားလာစေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုကို အလေးမထားသော သယံဇာတထုတ်ယူခြင်းများအား ဖြစ်ပွားစေသည်။

[5] ANFREL, The 2020 Myanmar General Elections: Democracy Under Attack.; “UN expert urges rejection of Myanmar junta's sham poll results” (23 January 2026)
[6] “Mandalay Residents ‘Pressured to Vote’ in Myanmar Junta’s Election” (27 January 2026); “Voter intimidation escalates in Yangon ahead of final election phase” (17 January 2026)
[7] The Guardian, ‘This is a fake election’: Polls close in Myanmar but voters have little doubt junta proxy will prevail. (26 January 2026).

ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းကို လွှတ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းအား ချက်ချင်းဖြေရှင်းနိုင်မည်မဟုတ်သကဲ့သို့ အကြမ်းဖက်မှုများအား ချုပ်ငြိမ်းစေရေး သို့မဟုတ် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုလည်း ဆောင်ကြဉ်းပေးနိုင်မည် မဟုတ်ပါ။ ထို့အတူ အကြမ်းဖက်စစ်အုပ်စုမှ အင်အားသုံး၍ ဆက်လက်အုပ်ချုပ်နေသရွေ့ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးမှာအလှမ်းဝေးနေဦးမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားပြီး နိုင်ငံရေးလုပ်ငန်းစဉ်များမှ ဖယ်ထုတ်ထားသရွေ့ သက်ဆိုင်သူအားလုံးကြား အဓိပ္ပါယ်ပြည့်ဝသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အားလုံးပါဝင်သော ဆွေးနွေးညှိနှိုင်းမှုများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ပုံမှန်လူမှုဘဝတွင် အပြည့်အဝ ပြန်လည်ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိရန် ချွင်းချက်မရှိ လွှတ်ပေးရမည်ဖြစ်ပြီး နောင်ပေါ်ပေါက်လာမည့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုတိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို နိုင်ငံရေးမှ ခွဲခြားထားရမည့်အပြင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်တွင်သာ ထားရှိရမည်။

တည်ငြိမ်အေးချမ်းပြီး အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံရေးအကျဉ်းသားများအား ကန့်သတ်မှုများစွာနှင့် လွှတ်ပေးရုံသက်သက်ဖြင့် မလုံလောက်ပါ။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးခြင်းနှင့် အရပ်သားဦးဆောင်မှုသို့ ပြန်လည်လွှဲပြောင်းပေးခြင်းကို မလွှဲမသွေ ဆောင်ရွက်ပေးရမည်။ ရွေးကောက်ခံနိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံရေးအတိုက်အခံများ အကျဉ်းထောင်ထဲတွင်ရှိနေသ၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဖန်တီးနိုင်မည်မဟုတ်သလို နိုင်ငံရေးလုပ်ပိုင်ခွင့်အာဏာကိုလည်း ပြည်သူလူထု၏ဆန္ဒအား ဆန့်ကျင်လျက် အင်အားသုံးရယူခြင်းဖြင့် တည်ဆောက်နိုင်မည် မဟုတ်ပါ။

**“နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ လွတ်မြောက်နိုင်ရေးအတွက် တော်လှန်ရေးအင်အားစုများအားလုံး ယခုအချိန်မှာ စည်းလုံးဖို့ လိုအပ်ပါပြီ။”**

AAPP

**Assistance Association for Political Prisoners**
**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း**

**18 June 2026**


https://aappb.org
https://coup.aappb.org/spring-revolution
Email: info@aappb.org
https://www.facebook.com/burmapoliticalprisoners
https://x.com/aapp_burma